# မြေဩဇာလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးများ တင်သွင်း/ထုတ်လုပ်ရန်အတွက် မှတ်ပုံတင်ခြင်း၊ သိုလှောင်လိုင်စင်လျှောက်ထားခြင်းနှင့် သွင်းကုန်လိုင်စင် ထောက်ခံချက် လျှောက်ထားခြင်းများကို Myanmar Agricultural Inputs Registration System (MAIRS) (website: www.mairs.doa.gov.mm )တွင် online ဖြင့်လျှောက်ထား နိုင်ပါသည်။ မြေဩဇာဆိုင်ရာလုပ်ငန်းများ မှတ်ပုံတင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို Landuse web portal (www.landusedivision.gov.mm ) တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။

ဦးစွာမြေဩဇာမှတ်ပုံတင်လျှောက်ထားမည့်သူသည် www.mairs.doa.gov.mm တွင် Account Create ပြုလုပ်ရမည်ဖြစ်ပြီး၊ လုပ်ငန်းစဉ်များကို ဆက်လက်လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

## မြေဩဇာသိုလှောင်လိုင်စင် လျှောက်ထားခြင်းနှင့် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း

| | |
|---|---|
| **လိုင်စင်/ပါမစ်ထုတ်ပေးသည့်ဌာန** | စိုက်ပျိုးရေးဦးစီးဌာန |
| **ရည်ရွယ်ချက်** | မြေဩဇာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ<br>မြေဩဇာလုပ်ငန်းများ စနစ် တကျရှိစေရန် |
| **လိုအပ်သည့်စာရွက်စာတမ်း** | မြေဩဇာဥပဒေလုပ်ထုံးလုပ်နည်းများ<br>၁။ ပုံစံ (၁၃) မြေဩဇာသိုလှောင်လိုင်စင် လျှောက်ထားခြင်း<br>၂။ လျှောက်ထားသူ၏ နိုင်ငံသားမှတ်ပုံတင်ကဒ်<br>၃။လျှောက်ထားသူ၏ (၁.၃ x ၁.၁ လက်မ) အရွယ် ကာလာ ဓာတ်ပုံ<br>၄။ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် နှင့် ဒါရိုက်တာအဖွဲ့ဝင်စာရင်း<br>၅။ စည်ပင်သာယာကော်မတီ၏ လုပ်ငန်းလိုင်စင်မိတ္တူ<br>၆။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက် ထောက်ခံစာ<br>၇။ မြေဩဇာသိုလှောင်သည့် အဆောက်အဦးဓာတ်ပုံ |
| **လုပ်ငန်းစဉ်အဆင့်** | Myanmar Agricultural Inputs Registration System (MAIRS) |

| | |
|---|---|
| | mairs.doa.gov.mm တွင် လျှောက်ထားနိုင်သည်။<br>၁။ လိုအပ်သည့်အထောက်အထားများအား စစ်ဆေးပါသည်။<br>၂။ ဒု-တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး ခေါင်းဆောင်သည့် စစ်ဆေးရေးအဖွဲ့မှ မြေပြင်အခြေအနေ ကွင်းဆင်း စစ်ဆေး ပါသည်။<br>၃။ စစ်ဆေးတွေ့ရှိချက်များအား မြေသြဇာဆိုင်ရာနည်းပညာ ကော်မတီသို့တင်ပြပါသည်။<br>၄။ နည်းပညာအဖွဲ့မှ စိစစ်ပြီး ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေး ဦးစီးဌာနမှ မြေသြဇာသိုလှောင် လိုင်စင်လက်မှတ်များ ခွင့်ပြု ပါသည်။ |
| **ကုန်ကျစရိတ်** | လုပ်ငန်းငယ် (၁၆၀၀ square feet အောက်)၊ ၁ သိန်းကျပ်<br>လုပ်ငန်းကြီး (၁၆၀၀ square feet အထက်)၊ ၃ သိန်းကျပ်<br>(၂နှစ် သက်တမ်း) |
| **ကြာမြင့်ချိန်** | - ၇ ရက်<br>- မြေသြဇာဆိုင်ရာနည်းပညာအဖွဲ့အစည်းအဝေးနှင့် မြေသြဇာ ကော်မတီ အစည်းအဝေးများ အား(၃)လတစ်ကြိမ် ကျင်းပလျှက် ရှိပါသည်။<br>- စစ်ဆေးရေးအဖွဲ့များမှ မြေပြင်စစ်ဆေးပြီးပါက အနီးစပ်ဆုံး မြေသြဇာဆိုင်ရာနည်းပညာအဖွဲ့သို့ တင်ပြပေးမည်ဖြစ်ပါသည်။ |
| **လျှောက်ထားရမည့်နေရာ** | Myanmar Agricultural Inputs Registration System (MAIRS)<br>mairs.doa.gov.mm |
| **Onlineစနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်း** | Myanmar Agricultural Inputs Registration System (MAIRS)<br>mairs.doa.gov.mm |
| **လက်မှတ်ရေးထိုးသည့်ရာထူး/ အဆင့်** | ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန |
| **ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်** | မြေသြဇာဥပဒေနှင့်မြေသြဇာဥပဒေပြင်ဆင်သည့်ဥပဒေ။<br>ဥပဒေပုဒ်မ(၁၃) |